## အကြံပြုချက်

- အသက် ၂၁ နှစ် ပြည့်ပြီးပါက နှစ်တိုင်း Pap test သားအိမ်ခေါင်း စစ်ဆေးခြင်း သို့မဟုတ် ဆရာဝန် အကြံပြုချက် အတိုင်း စစ်ဆေးရန်။
- တင်ပါးဆုံတွင်း (ဆီးစပ်) Pelvic exam စစ်ဆေးခြင်း
- HPV ကာကွယ်ဆေးထိုးခြင်း (အသက် ၉–၂၆ နှစ်)

## စိတ်ဝင်စား စရာ အချက်များ

- သားအိမ်ခေါင်း ကင်ဆာ အများစုသည် HPV ပိုး ကြောင့် ဖြစ်သည်။ အကယ်၍ HPV ရောဂါပိုးသည် ခန္ဓာကိုယ်မှ မပျောက်ပါက သားအိမ်ခေါင်းကင်ဆာ ဖြစ်သွားနိုင်သည်။
- ဘယ်သူမဆို လင်ဆက်ဆံ ဖူး သူများ HPV ရရှိနိုင်ချေ ရှိသည်၊ အမျိုးသားများအပါအဝင်။
- သန္ဓေတားဆေး ၅ နှစ်ထက် သုံးစွဲခြင်းသည် အမျိုးသမီးများအတွက် သားအိမ်ခေါင်းကင်ဆာ ရရှိရန် ဖြစ်နိုင်ချေ မြင့်တင်စေပါသည်။
- အကယ်၍ သင်Pap test စစ်ဆေးချက်အဖြေသည် ပုံမှန်ဖြစ်ပါက တစ်နှစ် တစ်ကြိမ်မှ ၃ နှစ် တစ်ကြိမ် စစ်ဆေးနိုင်သည်။ မဟုတ်ရင် တစ်နှစ် တစ်ကြိမ် စစ်ဆေးရန် အကြံပြုသည်။

## အချက်အလက်များ


**Milwaukee Consortium for Hmong Health, Inc.**

www.mkehmonghealth.com

**Office:** 414-212-8087

**Address:** 1802 West Walnut Street
Milwaukee, WI 53205

**Email:** MkeHmonghealth@gmail.com


Wisconsin Well Woman Program

Prevent Cancer Foundation

American Cancer Society

CDC.GOV

MILWAUKEE CONSORTIUM
FOR HMONG HEALTH, INC.

**မေးခွန်း သို့မဟုတ် မှတ်ချက် ရှိပါက Community Health Workers ရပ်ရွာကျန်းမာရေးလုပ်သား ကိုဆက်သွယ်ပါ။ အသိုင်းအဝန်းမှာ ရရှိနိုင်သော အချက်အလက်များကို အတတ်နိုင်ဆုံး ရှာဖွေကူ မှာဖြစ်ပါသည်။**

MILWAUKEE CONSORTIUM
FOR HMONG HEALTH, INC.

# သားအိမ်ခေါင်း ကင်ဆာ

ဘာရောဂါလဲ ပြီးတော့ သင့်ကို ဘယ်လို အကျိုး သက်ရောက်မှုပေးလဲ



# သားအိမ်ခေါင်း ဆိုတာ ဘာလဲ?






သားအိမ်ခေါင်း

## ရည်ရွယ်ချက် က ဘာလဲ၊

- သားအိမ်ခေါင်းသည် အမျိုးသမီး အင်္ဂါ နှင့် သားအိမ်ကို ခွဲခြားပေး သော အပိုင်းဖြစ်သည်။
- မိခင် မှ ကလေးကို မီးဖွားပေးချိန်တွင် ကလေးဖြတ်သန်းထွက်နိုင်ရန် ဤသားအိမ်ခေါင်းသည် တိုးချဲ့ ကျယ်ပြန့်လာသည်။
- ဓမာတာရာသီလာချိန်တွင် အပေါက်အနည်းငယ်အတွင်း သွေးဆင်းရာ နေရာဖြစ်သည်။
- ၄င်းသည် ကိုယ်ဝန်ဆောင်နိုင်ခြင်း သို့မဟုတ် ကိုယ်ဝန်ကာကွယ်နိုင်သည်။

# သားအိမ်ခေါင်းကင်ဆာ ၏ ရောဂါလက္ခဏာများ

- အမျိုးသမီးအင်္ဂါမှ ပုံမှန်မဟုတ်သော အရည်များ ဆင်းခြင်း (သင်၏ ပုံမှန်ရာသီစက်မဟုတ်ပါ)
- သွေးစက်များ သို့မဟုတ် သွေးအနည်းငယ် – ရာသီသွေးလို မဟုတ်ပဲ ထွက်ခြင်း၊ဆင်းခြင်း
- လင်ဆက်ဆံနေစဉ် နာကျင်ခြင်း
- တင်ပါးဆုံ နာကျင်ခြင်း

# ရောဂါဖြစ်နိုင်ချေရှိဆုံးအချက်

- **Human Papillomavirus (HPV):** ဤဗိုင်းရပ်စ်ပိုးသည် အရေပြား၊ လိင်အင်္ဂါ၊ စအို၊ ပါးစပ် နှင့် လည်ချောင်း အပေါ်ယံရှိ ကလပ်စည်းဆဲလ်တွင် ကုမရနိုင်သော ကူးစက်ရောဂါပိုးဖြစ်သည်၊ ဤ pap-illoma(အသားပို ကြွက်နု) သည် သူ့ဟာသူ ပျောက်သွားနိုင်သည်။ ကလေးများအတွက် ကာကွယ်ဆေးရှိသည်။
- **Chlamydia infection:** သည် ဘက်တီးရီးယား ရောဂါပိုး တစ်မျိုးဖြစ်သည်၊ အကယ်၍ စောစောတွေ့ရှိပါက ကုသနိုင်သည်၊ သို့သော် ကုသမှုမခံယူပါက တင်ပါးဆုံနာခြင်း၊ မျိုးမပွားနိုင်ခြင်း နှင့် ကြာလာလျှင် နောက်ဆုံးတွင် ကင်ဆာဖြစ်စေနိုင်သည်။
- မိသားစုဝင် တစ်ဦးဦးမှ သားအိမ်ခေါင်းကင်ဆာ ရရှိဖူးခြင်း

# ကာကွယ်ခြင်း

- **Pap Smear Test /Pelvic Exam** သားအိမ်ခေါင်း နှင့် တင်ပါဆုံတွင်း စစ်ဆေးခြင်း






Fig. 17-10. Bimanual palpation of the uterus.

- HPV ကာကွယ်ဆေးထိုးခြင်း (handout availa-ble)
- Condoms ကွန်ဒုံ အသုံးပြုခြင်း
- လိင်ဆက်ဆံသူ အကန့်အသတ်ရှိခြင်း
- ဆေးလိပ်သောက်ခြင်း ရှောင်ကြဉ်ခြင်း
- လေ့ကျင့်ခန်းပြုလုပ်ပါ၊ အနည်းဆုံး တစ်ပတ်ကို ၂ နာရီခွဲ ပြုလုပ်ရန်။
- မိမိ ပတ်ဝန်းကျင် မှ ရောဂါရရှိနိုင်ခြင်းအကြောင်းအရာ ကို သတိရှိပါ။